**လူမျိုးစုအဖွဲ့အစည်းများဆိုင်ရာဌာန**
ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုမျိုးစုံရေးရာ ဌာန

Burmese



# ကျွန်ုပ်တို့အားလုံးအတွက် ယဉ်ကျေးမှုမျိုးစုံပါဝင်သော အနာဂါတ်

### ကွင်းစလန်ပြည်နယ် 2011ခုနှစ် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ မူဝါဒ

## ယဉ်ကျေးမှုမျိုးစုံရှိနေသော ကွင်းစလန်ပြည်နယ်

ကွင်းစလန်ပြည်နယ်သည် ဂုဏ်ယူဖွယ်ကောင်းပြီး အားမာန် အပြည့်နှင့် သွက်လက်တက်ကြွသည့် ယဉ်ကျေးမှုမျိုးစုံ အမွေအနှစ် ရှိပါသည်။ ထို့အပြင် မျိုးမတူ ကွဲပြားခြားနားကြခြင်းသည်ပင် ကျွန်ုပ်တို့၏ အကြီးမားဆုံးအားအင်များထဲမှ တစ်ခုဖြစ်သည်။

ကနဦးစောစောပိုင်းက လာရောက်အခြေချနေထိုင်သူများမှသည် လက်ရှိ ပြောင်းရွှေ့အခြေချသူများ၊ ဒုက္ခသည်များနှင့် လူသားခြင်း စာနာထောက်ထားမှုဖြင့် လာရောက်သူများ၊ မျိုးဆက်ပေါင်း စဉ်ဆက်များစွာတို့က ယနေ့ခေတ်မီ ကွင်းစလန်ပြည်နယ်ကို တည်ဆောက်ခဲ့ကြပါသည်။ ကွင်းစလန်ပြည်နယ်၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာအမွေများနှင့် အဖိုးတန်ဂုဏ်အင်္ဂါများတွင် လူမျိုးစု အဖွဲ့အစည်းတိုင်းက ပါဝင်ဖြည့်ဆီးခဲ့ကြပါသည်။

## အချက်အလက်များနှင့် ကိန်းဂဏန်းများ

| | |
|---|---|
| ခန့်မှန်း ကွင်းစလန်ပြည်နယ် လူဦးရေ (2011 ခုနှစ်) | 4.58 သန်း |
| နိုင်ငံရပ်ခြားတွင် မွေးဖွားသူများ | လူ 6 ဦးလျှင် 1 ဦး |
| 2056 ခုနှစ်တွင် ကွင်းစလန်တွင်ရှိမည့်လူဦးရေ | 7.9 သန်း |
| လူဦးရေ တိုးပွားမှု | တစ်နှစ်လျှင် 76,040 ဦး၊ နိုင်ငံရပ်ခြားမှ လာရောက် အခြေချသူများ 41.6 ရာခိုင်နှုန်း |
| ပြောင်းရွှေ့အခြေချသူများမှ ဩစတြေးလျားနိုင်ငံ စီးပွားရေးသို့ အထောက်အကူဖြစ်စေမှု | ဒေါ်လာ 1.16 ဘီလီယံ |
| ကွင်းစလန်ပြည်နယ်သို့ အတတ်ပညာပိုင်းကျွမ်းကျင်မှုဖြင့် ပြောင်းရွှေ့ အခြေချသူများ | တစ်နှစ်လျှင် 16,290 ဦး |
| လူသားခြင်း စာနာထောက်ထားမှုဖြင့် လာရောက်သူများ | တစ်နှစ်လျှင် 1470 ဦး |

## ယဉ်ကျေးမှုမျိုးစုံပါဝင်သော ကွင်းစလန်ပြည်နယ်အတွက် မူဝါဒများ

ကွင်းစလန်ပြည်နယ်သူပြည်နယ်သား အားလုံးသည် -

- ကွင်းစလန်ပြည်နယ်နှင့် ဩစတြေးလျားနိုင်ငံအတွက် မဖြစ်မနေ ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် တာဝန်ကိုယ်စီ ရှိကြသည်။
- မျိုးမတူ ကွဲပြားခြားနားခြင်းက ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းအတွက် ပါဝင်ဖြည့်ဆီးမှုကို ကြိုဆို တန်ဖိုးထားသည်။
- ပြည်နယ်၏တရားဥပဒေများကို လိုက်နာရန်နှင့် တရားဥပဒေများကို ပြဋ္ဌာန်းသော ဒီမိုကရေစီကျင့်စဉ်များကို တန်ဖိုးထား လေးစားကြရန် တာဝန်ရှိကြသည်။
- မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒ၊ လူမျိုးနွယ်စုနှင့် ဘာသာစကားနောက်ခံတို့ကို ပဓါနမထားဘဲ တရားမျှတစွာ အပြန်အလှန် လေးစားနားလည်မှုဖြင့် ဆက်ဆံကြသည်။
- အတူတကွလက်ခံကျင့်သုံးသော တရားဥပဒေများ၊ သိက္ခာနှင့် တန်ဖိုးများ၊ရည်မှန်းချက်များနှင့်တာဝန်ဝတ္တရားများ၏ မူဘောင်များမှနေပြီး မိမိတို့၏ ယဉ်ကျေးမှုများကို ဖေါ်ထုတ် အသိပေးနိုင်ကြသည်။
- ကွင်းစလန်ပြည်နယ်၏ ရေရှည်တည်တန့်ခိုင်မြဲသော ဖွံ့ဖြိုး တိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ကြသည်။
- ဤပြည်နယ်ကြီး၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးကိစ္စများတွင် ပါဝင်နိုင်ပြီး တတပ်တအား ဝင်ရောက် ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိသည်။
- ပြည်နယ်မှပံ့ပိုးသော သို့မဟုတ် ရန်ပုံငွေထောက်ပံ့သော ဝန်ဆောင်မှုများအား သာတူညီမျှ ရယူအသုံးပြုနိုင်ကြသည်။
- ကွင်းစလန်ပြည်နယ်ကို ခိုင်မာတောင့်တင်းသော၊ သွက်လက် ချက်ချာသော၊ စိမ်းလန်းစိုပြေသော၊ ကျန်းမာရေးနှင့်ပြည့်စုံကြသော၊ တရားမျှတမှုရှိသော ပြည်နယ်ဖြစ်လာရေးအတွက် ကျွန်ုပ်တို့၏ ရည်မှန်းချက်များနှင့် ကြိုးပမ်းဆောင်ရွက်မှုများ၏ အကျိုးကျေးဇူးများကို မျှဝေခံစားကြသည်။

Queensland Government



## မူဝါဒဆိုင်ရာ အဓိက အကြောင်းအရာများ

ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ မူဝါဒအသစ် - *ကျွန်ုပ်တို့ အားလုံးအတွက် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ အနာဂါတ်* သည် ကွင်းစလန်ပြည်နယ်အစိုးရအတွက် ဦးစားပေးလုပ်ငန်းများကို သတ်မှတ်ထားသည်။ ကျွန်ုပ်တို့၏ရုံး၊ ဌာနများနှင့် အဖွဲ့အစည်းများသည် ဖေါ်ပြပါ အဓိက လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်သည်

- ယဉ်ကျေးမှုမျိုးစုံကို အသိအမှတ်ပြုသည့် ဥပဒေ
- ဘာသာစကား၊ သတင်းအချက်အလက်များပံ့ပိုးခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ
- ဝန်ဆောင်မှုပေးခြင်းကို ပိုမိုတိုးတက်စေခြင်း
- ဒေအလိုက်ရှိကြသော၊ ထို့အပြင် အသစ်ပေါ်ထွန်းလာနေသော လူမျိုးစုအဖွဲ့အစည်းများ
- ကျွမ်းကျင်မှုလိုအပ်သော အလုပ်အကိုင်များ၊ စီးပွားရေးလုပ်ငန်းများနှင့်
- လူမျိုးစုများမှ ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည့် လူမှုအဖွဲ့အစည်းများ

## ပိုမိုသိရန် အချက်များ

ကျွန်ုပ်တို့အားလုံးအတွက် ယဉ်ကျေးမှုမျိုးစုံပါဝင်သော အနာဂါတ်နှင့် ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ 2011-14 ခုနှစ် လုပ်ငန်းစီမံချက်အကြောင်းကိုသိလိုပါက ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုမျိုးစုံရေးရာ ဌာနကို 131304 တွင်ဆက်သွယ်ပါ၊ သို့မဟုတ် ဝက်ဘ်ဆိုက် www.communities.qld.gov.au/multicultural တွင် ဖွင့်ဖတ်ပါ။

2393-2011 ခုနှစ် ဇူလိုင်လ 11 ရက်